ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၉ ) ၂၀၂၆ ခုနှစ် မတ်လ ၂၀ ရက်

## မာတိကာစဉ်


၁။ ၂၀၂၆ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအကြောင်း သိကောင်းစရာ ၂ - ၇

၂။ ဗီယက်နမ်နိုင်ငံတွင် ပိုမိုရှင်းလင်းသည့် စည်းမျဉ်း/ ပြဋ္ဌာန်းချက်များပါဝင်၍ စီမံခန့်ခွဲရေးအခက်အခဲများလျှော့ချထားသည့် ဆောက်လုပ်ရေးဥပဒေသစ်ပြဋ္ဌာန်း ၈ - ၉

၃။ ကနေဒါနိုင်ငံတရားရုံးချုပ်က ဥပဒေအရ စုံစမ်းစစ်ဆေးခြင်းဆောင်ရွက်ရန် ရဲတပ်ဖွဲ့အား ဝရမ်းမပါပဲ ပုဂ္ဂလိကပိုင်ပစ္စည်းကို ချဉ်းကပ်ခွင့်ပြုခြင်း ၁၀-၁၂

၄။ ဥပဒေမူကြမ်းရေးဆွဲခြင်းနှင့် နည်းပညာ ၁၃-၁၄

## ၂၀၂၆ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအကြောင်း သိကောင်းစရာ

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ၁၁.၀၃.၂၀၂၆ ရက်နေ့တွင် ဥပဒေအမှတ် ၁၆/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအား ပြဋ္ဌာန်းခဲ့ပါသည်။

၂၀၂၆ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတွင် အခန်း(၁၇)ခန်း၊ ပုဒ်မ ၈၈ ခု ပါဝင်ပြီး အခန်း(၁)တွင် အမည်၊စီရင်ပိုင်ခွင့်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂)တွင် ရည်ရွယ်ချက်များ၊ အခန်း(၃)တွင် ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သောပြစ်မှုများ၊ အခန်း(၄)တွင် ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အခန်း(၅)တွင် ပြည်ထဲရေး ဝန်ကြီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အခန်း(၆)တွင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အခန်း(၇)တွင် ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အခန်း(၈)တွင် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အခန်း(၉)တွင် ကြိုတင်ကာကွယ်ရေးဆိုင်ရာဆောင်ရွက်ချက်များနှင့် သတင်းပို့ရန်တာဝန်၊ အခန်း(၁၀)တွင် ကြီးကြပ်ဆောင်ရွက်ခြင်း၊ အခန်း(၁၁)တွင် ငွေကြေးသို့မဟုတ် ကိုင်ဆောင်သူ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအား နိုင်ငံဖြတ်ကျော်သယ်ယူပို့ဆောင်မှု၊ အခန်း(၁၂)တွင် တားမြစ်ချက်များ၊အခန်း(၁၃)တွင် ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ အခန်း(၁၄)တွင် နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်းနှင့်စီမံခန့်ခွဲခြင်း၊ အခန်း(၁၅)တွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အခန်း(၁၆)တွင် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးရန်ပုံငွေ၊ အခန်း(၁၇)တွင် အထွေထွေတို့အား ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ မည်သူမဆို နိုင်ငံတော်အတွင်း ကျူးလွန်မှု၊ မည်သူမဆို နိုင်ငံတော်၏တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်မှုနှင့် မြန်မာနိုင်ငံသားကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရရှိသူကဖြစ်စေ ပြည်ပတွင်ကျူးလွန်မှုတို့အား ၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ စီရင်ပိုင်ခွင့်ရှိသည်ကို တွေ့ရှိရပါသည်။

ငွေကြေးခဝါချမှုများနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကို ထိရောက်စွာ အရေးယူနိုင်ရန်နှင့် ဆင့်ပွားပေါ်ပေါက်နိုင်သည့်ပြစ်မှုများကို ကာကွယ်ဟန့်တားရန်၊ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့မှတစ်ဆင့် နိုင်ငံတော်၏အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဝင်ရောက်စွက်ဖက်ခြင်းမှကာကွယ်ရန်၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့်အညီ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆောင်ရွက်ရန်၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၊ လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့်မူလပြစ်မှုများ တိုက်ဖျက်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊အမျိုးသားအဆင့်ဆိုးရွားနိုင်ခြေအန္တရာယ်အကဲဖြတ်ခြင်းဆောင်ရွက်၍ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာချမှတ်ရန် ရည်ရွယ်ချက်များဖြင့် ဤဥပဒေအား ပြဋ္ဌာန်းခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။

ငွေကြေးခဝါချမှု၏အဓိပ္ပာယ်ဖွင့်ဆိုချက်အား ပုဒ်မ ၃(ဓ)တွင် ပြဋ္ဌာန်းထားပြီး အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကျူးလွန်ခြင်းကိုဆိုကြောင်း တွေ့ရှိရပါသည် -

(၁) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်ဖြစ်သည်ဟု သိလျက်နှင့်ဖြစ်စေ၊ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ယင်းငွေကြေး သို့မဟုတ် ပစ္စည်း၏ဇာစ်မြစ်ကို အသွင်သဏ္ဌာန်ပြောင်းလဲရန်သို့မဟုတ် ဖုံးကွယ်ရန်သော်လည်းကောင်း၊ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပါဝင်သူ တစ်ဦးတစ်ယောက်အား ယင်း၏ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေအရ အရေးယူခံရခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် ပြစ်မှုမကျူးလွန်မီဖြစ်စေ၊ ပြစ်မှုကျူးလွန်ပြီးနောက်ဖြစ်စေ အကူအညီပေးရန်သော်လည်းကောင်း ရည်ရွယ်ချက်ဖြင့် ယင်းငွေကြေးနှင့်ပစ္စည်းကို အသွင်သဏ္ဌာန်ပြောင်းလဲခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(၂) ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်ဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ငွေကြေး၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ မူလသဘာဝ၊

ဇာစ်မြစ်၊ တည်နေရာနှင့် ပင်ကိုစရိုက်လက္ခဏာတို့ကို ပြောင်းလဲမှုသော်လည်းကောင်း၊ ယင်းငွေကြေးနှင့်ပစ္စည်းတို့ကို ပိုင်ဆိုင်မှု သို့မဟုတ် အခွင့်အရေးတို့အား ဖုံးကွယ်ခြင်း သို့မဟုတ် အသွင်သဏ္ဍာန်ပြောင်းလဲခြင်းသော်လည်းကောင်း ပြုခြင်း၊

(၃) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်ဖြစ်ကြောင်း မိမိလက်ဝယ် လက်ခံရရှိသည့် အချိန်တွင် သိလျက်နှင့်ဖြစ်စေ၊ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ငွေကြေးနှင့်ပစ္စည်းကို ရယူခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(၄) ပုဒ်မခွဲငယ်(၁)မှ ပုဒ်မခွဲငယ်(၃)အထိ ပါရှိသော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း သို့မဟုတ် ကျူးလွန်ရန်အကြံဖြင့် စီစဉ်ဆောင်ရွက်ခြင်းကို ပြုလုပ်မှုဖြင့်သော်လည်းကောင်း၊ ပျက်ကွက်မှုဖြင့်သော်လည်းကောင်း ပူးပေါင်းပါဝင်ခြင်း၊ အကူအညီပေးခြင်း၊ ပံ့ပိုးခြင်း၊ အထောက်အပံ့ပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဂိုဏ်းအဖွဲ့ဝင်ဖြစ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆက်စပ်ပတ်သက်ခြင်းဆိုင်ရာပြစ်မှုတစ်ခုခု ကျူးလွန်ခြင်း။

အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များကို ငွေကြေးခဝါချမှု ပြုလုပ်ခြင်းသည် ဤဥပဒေနှင့်သက်ဆိုင်စေရမည်ဟု ပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည် -

(၁) နိုင်ငံဖြတ်ကျော်၍ ဂိုဏ်းအုပ်စုဖြင့်ဂိုဏ်းဖွဲ့ကျူးလွန်မှု၊ ရာဇဝတ်ဂိုဏ်းများတွင် ပါဝင်မှု၊ ဒုစရိုက်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းမှု၊

(၂) အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုအပါအဝင် အကြမ်းဖက်မှု၊

(၃) လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှု၊

(၄) ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းအပါအဝင် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု၊

(၅) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ကုန်ကူးမှု၊

(၆) လက်နက်များ တရားမဝင်ကုန်ကူးမှုများ၊

(၇) ခိုးရာပါပစ္စည်းနှင့် အခြားသောကုန်စည်များ တရားမဝင်ကုန်ကူးမှု၊
(၈) အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု၊
(၉) လိမ်လည်မှု၊
(၁၀) ငွေကြေးအတု ပြုလုပ်မှု၊
(၁၁) ကုန်ပစ္စည်းအတုပြုလုပ်မှုနှင့် မူပိုင်ခွင့်ချိုးဖောက်မှု၊
(၁၂) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာသည့်ပြစ်မှုများ၊
(၁၃) လူသတ်မှု၊ လူ့ခန္ဓာကိုယ်ကို အပြင်းအထန်နာကျင်စေမှု၊
(၁၄) ပြန်ပေးဆွဲမှု၊ မတရားဖမ်းဆီးချုပ်နှောင်မှုနှင့် ဓားစာခံဖမ်းဆီးမှု၊
(၁၅) ဓားပြမှု သို့မဟုတ် ခိုးမှု၊
(၁၆) အကောက်ခွန်၊ ယစ်မျိုးနှင့် အခွန်များဆိုင်ရာအပါအဝင် မှောင်ခိုမှုများ၊
(၁၇) အခွန်ဆိုင်ရာပြစ်မှုများ (တိုက်ရိုက်ခွန်နှင့် သွယ်ဝိုက်ခွန်များအပါအဝင်)၊
(၁၈) ခြောက်လှန့်တောင်းယူမှု၊
(၂၀) လိမ်လည်အတုပြုလုပ်မှု၊
(၂၁) ပင်လယ်ဓားပြမှု၊
(၂၂) သတင်းအချက်အလက်ကို ဦးစွာသိရှိနိုင်သူက မိမိသိရှိသည့်သတင်းအချက်အလက်ကို အသုံးပြု၍ မိမိကိုယ်တိုင်ဖြစ်စေ၊ ယင်းသတင်းအချက်အလက်ကို သူတစ်ပါးအား ပေးအပ်၍ဖြစ်စေ တရားမဝင်အကျိုးအမြတ်ရရှိရေးအတွက် ဆောင်ရွက်ခြင်းနှင့် စျေးကွက်ထိန်းချုပ်ရန် ပြုလုပ်ခြင်းဆိုင်ရာပြစ်မှုများ၊
(၂၃) ဆိုက်ဘာမှုခင်း၊
(၂၄) လောင်းကစားမှု၊
(၂၅) ထိန်းချုပ်ဓာတုပစ္စည်းများနှင့်သက်ဆိုင်သည့် ပြစ်မှုများ။
(၂၆) နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အနည်းဆုံး ထောင်ဒဏ်ခြောက်လနှင့် အထက် ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုများ၊

(၂၇) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများဖြစ်သည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါအားလျော်စွာ သတ်မှတ်သည့်ပြစ်မှုများ။

ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ရာမှ ရရှိသည့်အကျိုးအမြတ်များ မဟုတ်ကြောင်း သက်သေထင်ရှားတင်ပြရန် တာဝန်သည် စွပ်စွဲခံရသူတွင် ရှိစေရမည်ဖြစ်ပြီး ဤဥပဒေအရ အရေးယူပိုင်ခွင့်ရှိသည့်ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

မည်သူမဆို ငွေကြေးခဝါချမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး၁၀နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သန်း၁၀ဆယ်မှ အများဆုံး ကျပ်သန်းတစ်ရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အနည်းဆုံးကျပ် သန်းနှစ်ရာမှ အများဆုံး ကျပ်သန်း၁၀ရာအထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်အား အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သန်းတစ်ရာမှ အများဆုံး ကျပ်သန်းသုံးရာအထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်ဟု ပုဒ်မ ၅၈ တွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ပုဒ်မ ၅၉(က)တွင် ငွေကြေးခဝါချမှုကို အားပေးကူညီသည့်ပြစ်မှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ငွေကြေးခဝါချမှုအတွက် သတ်မှတ်ထားသောပြစ်ဒဏ်အတိုင်း ကျခံစေရမည်ဟုလည်းကောင်း၊ ပုဒ်မ ၅၉(ခ)တွင် ငွေကြေးခဝါချမှုကို ကျူးလွန်ရန်အားထုတ်ရာတွင် ငွေကြေးခဝါချမှုကျူးလွန်ခြင်းကို ရှေးရှုသောပြုလုပ်မှုတစ်ခုကိုပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ငွေကြေးခဝါချမှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးထောင်ဒဏ်ကာလ အပိုင်းအခြား၏ ထက်ဝက်အထိဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၉ ) ၂၀၂၆ ခုနှစ် မတ်လ ၂၀ ရက်


ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သတ်မှတ်ထားသောတန်ဖိုးပမာဏ သို့မဟုတ် ယင်းတန်ဖိုးပမာဏထက် ကျော်လွန်သည့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုကို တစ်ကြိမ်တည်း ဆောင်ရွက်သည်ဖြစ်စေ၊ ဆက်နွှယ်မှုရှိသည်ဟု ယူဆရသည့် လွှဲပြောင်းမှုအမြောက်အမြားကို အကြိမ်ကြိမ်ဆောင်ရွက်သည်ဖြစ်စေ ဤဥပဒေအရ ဖွဲ့စည်းထားသည့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်ဖြစ်ပြီး သတင်းပေးပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူအား အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ်ကျပ်သန်းငါးဆယ်မှ အများဆုံး ကျပ်သန်းတစ်ရာအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းအား ကျပ်သန်းငါးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်ဖြစ်ကြောင်း ပုဒ်မ ၆၄ တွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၆/၂၀၀၂)အရ ဖြစ်စေ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁/၂၀၁၄)အရဖြစ်စေ ထုတ်ပြန်ခဲ့သည့်နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်ကြောင်းကို ပုဒ်မ ၈၇ တွင် ပြဋ္ဌာန်းထားပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁/၂၀၁၄)ကို ဤဥပဒေဖြင့် ရုပ်သိမ်းကြောင်းအား ပုဒ်မ ၈၈ တွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၆ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို အသေးစိတ်လေ့လာလိုသူများ အနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- MLIS Website

## ဗီယက်နမ်နိုင်ငံတွင် ပိုမိုရှင်းလင်းသည့် စည်းမျဉ်း/ ပြဋ္ဌာန်းချက်များပါဝင်၍ စီမံခန့်ခွဲရေးအခက်အခဲများ လျှော့ချထားသည့် ဆောက်လုပ်ရေးဥပဒေသစ် ပြဋ္ဌာန်း

ရင်းနှီးမြှုပ်နှံသူများ၊ ကန်ထရိုက်တာများနှင့် ပရောဂျက်ပိုင်ရှင်များအတွက် သေချာမှုမရှိသော ကိစ္စရပ်များကို ရှင်းလင်းစေမည့် ဗီယက်နမ်နိုင်ငံ၏ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာဥပဒေ မူဘောင်ကို ဘက်စုံပြင်ဆင်ထားသော ဆောက်လုပ်ရေးဥပဒေသစ်သည် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်သည်။

ယင်းဥပဒေသစ်သည် ၂၀၁၄ခုနှစ် ဆောက်လုပ်ရေးဥပဒေကို အစားထိုးမည်ဖြစ်ပြီး ဒဏ်ကြေး များနှင့် ကြိုတင်သတ်မှတ်ထားသည့် လျော်ကြေးများ(Liquidated Damages)ကို ပြင်ဆင်ဖြည့်စွက် ထားသည်။ထို့ပြင် လုပ်ထုံးလုပ်နည်းများကို လွယ်ကူရိုးရှင်းစေရန်နှင့် ပရောဂျက်ဆောင်ရွက်မှုကို မြန်ဆန်စေရန် အစိုးရ၏ကြိုးပမ်းမှုနှင့်အညီ စာချုပ်ဆိုင်ရာလွတ်လပ်ခွင့်များ တိုးမြှင့်ခြင်းနှင့် စီမံ ခန့်ခွဲရေးအခက်အခဲများ လျှော့ချခြင်းဆိုင်ရာ အရေးပါသော ခြေလှမ်းတစ်ရပ်လည်း ဖြစ်သည်။

ပဋိညာဉ်ပိုင်းဆိုင်ရာ ပြဿနာရပ်နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ တိတိကျကျမရှိလျှင် ပဋိညာဉ်မှ ထွက်ခွာသည့် အဖွဲ့ဝင်များအနေဖြင့် စီးပွားရေးဥပဒေ သို့မဟုတ် တရားမကျင့်ထုံးဥပဒေနှင့် သက်ဆိုင်စေရမည် ဆိုသည့်အပေါ် မသေချာမရေရာမှုများ ရှိခဲ့သည်။ ဆောက်လုပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ တိတိကျကျ မရှိလျှင် ဆောက်လုပ်ရေးပဋိညာဉ်များကို တရားမကျင့်ထုံးဥပဒေက လွှမ်းမိုးမည်ဟု ဥပဒေသစ်တွင် ပြဋ္ဌာန်းထားသည်။

ဥပဒေသစ်အရ ဆောက်လုပ်ရေးပဋိညာဉ်များတွင် ယခင်က မရှိသေးသည့် အသေးစိတ် ချိုးဖောက်မှုများအတွက် ကြိုတင်သတ်မှတ်ထားသောလျော်ကြေးကို ထည့်သွင်းချုပ်ဆို ဆောင်ရွက် နိုင်၍ အငြင်းပွားမှုများကို လျှော့ချပေးနိုင်သည်။ အရှုံးပမာဏတွက်ချက်ရာတွင် ဖြစ်ပေါ်နိုင်သည့် အငြင်းပွားမှုများကို လျှော့ချပေးနိုင်သည်။

ယင်းဥပဒေသစ်တွင် ပဋိညာဉ်ချိုးဖောက်မှုများအတွက် ကြိုတင်သတ်မှတ်ထားသောလျော်ကြေး နှင့် ဒဏ်ကြေးများကို ခွဲခြားဖော်ပြထားပြီး၊ အများပြည်သူဆိုင်ရာ ရင်းနှီးမြှုပ်နှံဆောက်လုပ်ရေး

လုပ်ငန်းများအတွက် လျော်ကြေးနှင့် ဒဏ်ကြေးသည် အများဆုံး ၁၂ ရာခိုင်နှုန်းအထိသာ ကန့်သတ်ထားသည်။

မလွန်ဆန်နိုင်သောဖြစ်ရပ် (Force Majeure)နှင့် အခက်အခဲ (Hardship)များကို တရားဝင်အသိအမှတ်ပြုထားပြီး ယင်းတို့သည် တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်မည်ဖြစ်သည်။

ထို့ပြင် ဥပဒေသစ်တွင် ဆောက်လုပ်ရေးပုံကြမ်းများအတွက် နိုင်ငံတော်အကဲဖြတ်စနစ်ကို ဖျက်သိမ်းထားပြီး ပရောဂျက်ပြင်ဆင်မှုမှ စတင်ဆောင်ရွက်ခွင့်အထိ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်တစ်ရပ်တည်းသာ ထားရှိသည်။

ကျွမ်းကျင်သူများ၏အဆိုအရ ဥပဒေသစ်သည် နိုင်ငံတကာစံနှုန်းများနှင့် ပိုမိုကိုက်ညီမှုရှိပြီး ဗီယက်နမ်နိုင်ငံ၏ဆောက်လုပ်ရေးကဏ္ဍတွင် ပြည်တွင်းနှင့် ပြည်ပ ပါဝင်ပတ်သက်ဆက်နွှယ်သူများအတွက် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို ကောင်းမွန်မြန်ဆန်စေမည်ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘာသာပြန်ဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.pinsentmasons.com/out-law/news/vietnam-construction-law

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၉ )　　　　၂၀၂၆ ခုနှစ် မတ်လ ၂၀ ရက်

## ကနေဒါနိုင်ငံတရားရုံးချုပ်က ဥပဒေအရ စုံစမ်းစစ်ဆေးခြင်း ဆောင်ရွက်ရန် ရဲတပ်ဖွဲ့အား ဝရမ်းမပါပဲ ပုဂ္ဂလိကပိုင်ပစ္စည်းကို ချဉ်းကပ်ခွင့်ပြုခြင်း

ကနေဒါနိုင်ငံတရားရုံးချုပ်သည် ရဲတပ်ဖွဲ့အနေဖြင့် ဥပဒေအရစုံစမ်းစစ်ဆေးခြင်းကို ဆောင်ရွက်ရန်အလို့ငှာ ပုဂ္ဂလိကပိုင် နေအိမ်၊ ကား စသည်တို့အတွင်း ရှိနေသူနှင့် ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် ယင်းအိမ်၊ ကား စသည်တို့၏တံခါးဝအထိ ချဉ်းကပ်ခွင့်ရှိကြောင်း ၂၀-၃-၂၀၂၆ ရက်နေ့တွင် ၅ ပုံ ၄ ပုံမဲဖြင့် ဆုံးဖြတ်လိုက်သည်။

မဲအများစုဖြင့် ချမှတ်သည့် အဆိုပါစီရင်ချက်ကို ရေးသားရာ၌ တရားသူကြီးMahmud Jamal က ရဲတပ်ဖွဲ့အနေဖြင့် ရှာဖွေခြင်းမပါဘဲ ပုဂ္ဂလိကပိုင် နေအိမ်၊ ကား စသည်တို့၏ တံခါးဝမှနေ၍ ၎င်းတို့၏ အမြင်၊ အကြား သို့မဟုတ် အနံ့ခံအာရုံများကို အသုံးပြု၍ စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်နိုင်ကြောင်းဖော်ပြခဲ့သည်။ ထိုသဘောတရားသည် တံခါးခေါက်ခြင်းကို သွယ်ဝိုက်ခွင့်ပြုထားခြင်းမှ ဆင်းသက်လာခြင်းဖြစ်ကြောင်း၊ တံခါးခေါက်ခွင့်ပြုထားခြင်းသည် အထဲတွင်ရှိနေသူနှင့် အများပြည်သူအကြား ဆက်သွယ်ပြောဆိုမှုကို အဆင်ပြေချောမွေ့စေရန်ဟူသော အင်္ဂလိပ်ရိုးရာဥပဒေ မူသဘောတရားတစ်ခုဖြစ်ကြောင်း ဖော်ပြထားသည်။ တရားသူကြီးအများစုက တံခါးခေါက်ရန် ခွင့်ပြုချက်သည် တံခါးဝအရောက်တွင် ကုန်ဆုံးကြောင်း၊ ရဲအရာရှိ၏ ရည်ရွယ်ချက်သည် တံခါးကို ခေါက်၍ အထဲတွင် ရှိနေသူအပေါ် ဆန့်ကျင်ဘက် သက်သေအထောက်အထားရယူရန် ရည်ရွယ်ခြင်းဖြစ်ပါက တံခါးခေါက်ရန်ခွင့်ပြုချက်(License)သည် ပျက်ပြယ်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

အမြင်သဘောထားမတူသည့် အခြားတရားသူကြီးများက ရာဇဝတ်စွဲချက်ကို ခိုင်လုံစေရန်နှင့် အထဲတွင် ရှိနေသူအပေါ် သက်သေအထောက်အထားရယူရန်ဟူသော ရည်ရွယ်ချက်သည် ဆက်သွယ်ပြောဆိုမှုကို အဆင်ပြေချောမွေ့စေရန်ဟူသော ရည်ရွယ်ချက်ထက်ပိုနေသဖြင့် အထက်ပါမူသဘောတရားကို ကျော်လွန်နေကြောင်း ဆုံးဖြတ်လိုကြသည်။

တရားရုံးသည် ဤမူသဘောတရားကို ၁၉၉၅ ခုနှစ်တွင် ပထမဦးဆုံး သုံးသပ်ခဲ့ရပြီး ရဲတပ်ဖွဲ့ဝင်များအနေဖြင့် နေအိမ်၊ ကား စသည်တို့အထဲ ရှိနေသူနှင့် ဆက်သွယ်ပြောဆိုမှု အဆင်ပြေ

ချောမွေ့စေရုံထက် ပိုသော ရည်ရွယ်ချက်တစ်ခုအတွက် ယင်းနေအိမ်၊ ကား စသည်တို့ အထဲဝင်ရောက်ခဲ့လျှင် ကျူးကျော်ဝင်ရောက်သူများသာ ဖြစ်လာမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

တရားရုံးက ရဲတပ်ဖွဲ့သည် ပုဂ္ဂလိကပိုင်အိမ်၊ ကား စသည်တို့၏ တံခါးဝကို ဥပဒေနှင့်အညီ ချဉ်းကပ်နိုင်သော်လည်း တရားခံ၏သဘောတူညီချက်မပါဘဲ တံခါးကို ဖွင့်လိုက်သည်နှင့် မလျော်ကန်သော ရှာဖွေမှုပင်ဖြစ်ကြောင်း တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ခဲ့သည်။ တရားသူကြီးအများစုက ယခုအမှုတွင် ရှာဖွေခြင်းသည် ကြီးလေးသောချိုးဖောက်မှု မဟုတ်ဘဲ မူးယစ်မောင်းနှင်ခြင်းသည် ကြီးလေးသောပြစ်မှုဖြစ်သဖြင့် သက်သေခံဝင်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။သဘောထားမတူသည့် တရားသူကြီးသုံးဦး၏ ပူးတွဲသဘောထားတွင် ဌာနေတိုင်းရင်းသားများအပေါ် ရဲတပ်ဖွဲ့၏ အလွန်အကျွံစောင့်ကြပ်ထိန်းချုပ်မှုဆိုင်ရာ ကိစ္စရပ်များသည် လူနည်းစုအသိုင်းအဝိုင်းများအပေါ် အချိုးမညီသည့် သက်ရောက်မှုရှိကြောင်းကို အလေးပေးဖော်ပြခဲ့ကြသည်။

ယခုအမှုတွင် ရဲအရာရှိနှစ်ဦးက မူးယစ်မောင်းနှင်မှု တိုင်ချက်တစ်ခုကို စုံစမ်းစစ်ဆေးနေခဲ့ခြင်းဖြစ်ပါသည်။နေအိမ်ခြံဝင်း၏ အဝင်ကားလမ်းပေါ်တွင် ရပ်ထားသော ကား၏တံခါးကို ရဲအရာရှိများက ခေါက်ခဲ့ရာ တရားခံသည် ကားမောင်းနှင်သူ ထိုင်ခုံနေရာတွင် မေ့မျောလျက် ရှိနေသည်။ ကားတံခါးခေါက်သည်ကို တရားခံက တုံ့ပြန်ခဲ့ခြင်းမရှိခဲ့ဘဲ အရာရှိများက ကားတံခါးကို ဖွင့်လှစ်ခြင်း၊ တရားခံအား လမ်းဘေးသို့ထွက်၍ အသက်ရှူစစ်ဆေးခံရန် တောင်းဆိုခြင်းတို့ ပြုလုပ်ခဲ့ရာ တရားခံက မလိုက်နာခဲ့ပေ။

အရပ်ဘက်လွတ်လပ်မှုအသင်း (The BC Civil Liberties Association) က စီရင်ချက်အပေါ် စိတ်ပျက်မိကြောင်း၊ ရဲတပ်ဖွဲ့၏လုပ်ပိုင်ခွင့်ကို ချဲ့ထွင်ခြင်းဖြစ်၍ အားနည်းသည့်လူမှုအသိုင်းအဝိုင်းများအပေါ် မညီမျှသောသက်ရောက်မှုရှိလိမ့်မည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ကနေဒါနိုင်ငံရှေ့နေများအသင်းကလည်း ရဲတပ်ဖွဲ့က ယခုစီရင်ချက်ကို ပိုက်ကွန်ကျယ်ပစ်၍ အပြစ်ရှာသည့်နည်းလမ်းအဖြစ် အသုံးပြုလာမည်ကို စိုးရိမ်ကြောင်း ဖော်ပြခဲ့သည်။

စီရင်ချက်ချမှတ်ပြီးနောက် တရားရုံးက အမှုအား Saskatchewan အယူခံတရားရုံးသို့ ပြန်လည်လွှဲပြောင်းပေးပို့ခဲ့ကြောင်း၊ တရားခံအကျိုးဆောင်မှ တရားရုံးတွင် လျှောက်လဲတင်ပြစဉ် လိုပြသက်သေတစ်ဦး ရှိနေကြောင်း၊ လိုပြသက်သေတစ်ဦးတည်းကြောင့် တရားခံ၏ မျှတသော တရားစီရင်ခြင်းဆိုင်ရာအခွင့်အရေး ဆုံးရှုံးစေခဲ့ဖွယ် ရှိ မရှိကို အယူခံတရားရုံးက သုံးသပ်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကား**

https://www.jurist.org/news/2026/03/canada-high-court-allows-warrantless-police-entry-to-private-property-for-lawful-investigation/

## ဥပဒေမူကြမ်းရေးဆွဲခြင်းနှင့် နည်းပညာ

ဥပဒေမူကြမ်းများရေးဆွဲရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရပါသည်။ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်၏အခြေခံမူများနှင့် ကိုက်ညီရမည်ဖြစ်ပါသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သက်ဆိုင်ရာဇယား ၁၊ ဇယား ၂နှင့် ဇယား ၃ တို့ပါ ဥပဒေပြုစာရင်းအရ ပြဋ္ဌာန်းပိုင်ခွင့်များကို ဥပဒေများ စိစစ်ရေးဆွဲရပါသည်။

တည်ဆဲဥပဒေများနှင့်ဆန့်ကျင်ခြင်း ရှိ/မရှိကိုလည်း စိစစ်ရပါသည်၊ ဆန့်ကျင်ပါက နောက်ကျသည့် ဥပဒေသည် ရှေးဦးကျသောဥပဒေကို လွှမ်းမိုးမည်ဖြစ်လျှင် ထိုသို့လွှမ်းမိုးရန် ဥပဒေအသစ်၏ အနှစ်သာရနှင့် ရည်ရွယ်ချက်ရှိရမည်ဖြစ်ပါသည်။

နိုင်ငံတော်က လက်ရှိချမှတ်သောမူဝါဒများ၊ ဦးတည်ချက်များနှင့်လည်း ညီညွတ်ရမည်ဖြစ်ပါသည်။ရေးဆွဲပြဋ္ဌာန်းရန် မူဝါဒချမှတ်ထားသည့် ဥပဒေ၏အနှစ်သာရနှင့် ရည်ရွယ်ချက်လည်း ပေါ်လွင်စေရပါမည်။ နိုင်ငံတော်နှင့်အများပြည်သူတို့၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေရမည့်အပြင် ကာကွယ်စောင့်ရှောက်နိုင်ရပါမည်။ထို့အပြင် အများပြည်သူက လက်ခံနိုင်သည့် ဥပဒေမျိုးလည်းဖြစ်ရန်လိုပါသည်။နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြု ထိပါးစေမည့်အချက်များ ပါဝင်ခြင်းမရှိစေရန်လည်း သတိပြုရပါမည်။ နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိရမည်ဖြစ်ပြီး နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ထိခိုက်စေမည့် အချက်များကို ရှောင်ရှားရမည်ဖြစ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အသုံးအနှုန်းများ ပါဝင်ခြင်း မရှိစေရန်၊ တိုင်းရင်းသားလူမျိုးစုအလိုက် အခြေတည်ခိုင်မာလျက်ရှိသော ဘာသာဓလေ့ထုံးတမ်း ဥပဒေများနှင့် ရိုးရာဓလေ့ထုံးစံများကို ထိခိုက်စေနိုင်ခြင်း မရှိစေရန် အလေးဂရုပြုရပါမည်။

နိုင်ငံတော်က လက်ခံထားသော ကွန်ဗင်းရှင်းများနှင့် ဒေသဆိုင်ရာသဘောတူစာချုပ်များပါ တာဝန်အရ ရေးဆွဲရသော ဥပဒေမူကြမ်းဖြစ်ပါက သဘောတူလက်ခံထားသော အချက်များနှင့်

လိုက်လျောညီထွေမှုရှိစေရမည့်အပြင် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးခြင်း မရှိစေရန် ဂရုပြုရပါမည်။

အထက်ဖော်ပြပါအချက်များကို စိစစ်ရာတွင် လူ့စွမ်းအားတစ်ခုတည်းဖြင့် ဆောင်ရွက်နေရသည့်အတွက် အချိန်လိုအပ်ချက်ရှိသကဲ့သို့ လူသားစွမ်းအင်လည်း များစွာဆုံးရှုံးရပါသည်။

အထက်ပါ စိစစ်ရသည့်လုပ်ငန်းစဉ်များကို နည်းပညာအကူအညီဖြင့် ဆောင်ရွက်နိုင်ပါက မြန်ဆန်ထိရောက်စေမည်ဖြစ်ပါသည်။

ဥပဒေမူကြမ်းအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ စစ်ဆေးနိုင်သည့် Application ၊ တည်ဆဲဥပဒေများနှင့် ဆန့်ကျင်ခြင်းရှိ/မရှိ စိစစ်နိုင်သည့် Application၊ နိုင်ငံတော်က လက်ရှိချမှတ်သောမူဝါဒများ၊ ဦးတည်ချက်များနှင့်လည်း ညီညွတ်ခြင်းရှိ/မရှိ စိစစ်နိုင်သည့် Application၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အသုံးအနှုန်းများ ပါဝင်ခြင်းရှိ/မရှိ၊ တိုင်းရင်းသားလူမျိုးစုအလိုက် အခြေတည်ခိုင်မာလျက်ရှိသော ဘာသာဓလေ့ထုံးတမ်းဥပဒေများနှင့် ရိုးရာဓလေ့ထုံးစံများကို ထိခိုက်စေနိုင်ခြင်းရှိ/မရှိ စိစစ်နိုင်သည့် Application၊ နိုင်ငံတော်က လက်ခံထားသော ကွန်ဗင်းရှင်းများနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များပါ တာဝန်အရ ရေးဆွဲရသော ဥပဒေမူကြမ်းဖြစ်ပါက သဘောတူလက်ခံထားသော အချက်များနှင့်လိုက်လျောညီထွေမှုရှိ/မရှိ စိစစ်နိုင်သည့် Application များ တည်ဆောက်၍ ဥပဒေမူကြမ်းရေးဆွဲရာတွင် စိစစ်ဆောင်ရွက်ခြင်း၊ AI နည်းပညာအကူအညီရယူခြင်းတို့ဖြင့် ဆောင်ရွက်မည်ဆိုပါက ဥပဒေမူကြမ်းရေးဆွဲခြင်းကို များစွာအထောက်အကူပြု ထိရောက်မြန်ဆန်စေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

သတင်းအချက်အလက်နည်းပညာဌာနခွဲ<br>
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

